(Mercury)ပါဝင်မှု တိုင်းတာခြင်းတို့ကို ဆောင်ရွက်၍ မူလအချက်အလက် (Base line data) အဖြစ် မှတ်တမ်းထားရှိခြင်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ စောင့်ကြပ်ကြည့်ရှုရေး အစီအစဉ်များ အတိုင်းဆောင်ရွက်ရန်၊

(၅) ပြဒါး(Mercury) ဓာတုပစ္စည်းများ ထုပ်ပိုးသည့် Packing အပေါ်တွင် အဆိပ်ဟူသည့် စာတန်းနှင့်အန္တရာယ်သတိပေး ရုပ်ပုံအမှတ်အသားတံဆိပ်များကို ထင်ရှားမြင်သာစွာ ရေးသားဖော်ပြရန်၊

(၆) ပြဒါး (Mercury) ဓာတုပစ္စည်းများကို သုံးစွဲရာမှ ထွက်ရှိလာသော ရေဆိုးများနှင့် စွန့်ပစ်ပစ္စည်းများကို စွန့်ပစ်ရာတွင် အန္တရာယ်ကင်းရှင်းစေရန် စည်ပင်သာယာရေး ကော်မတီများမှ ပြဌာန်းထားသော ရေပေးဝေရေးနှင့် အညစ်အကြေးသန့်ရှင်းရေးဆိုင်ရာ နည်းဥပဒေများ၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ ထုတ်ပြန်ထားသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြား ချက်များ၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေ၊နည်းဥပဒေများ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ၊ သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများမှ ပြဌာန်းချက်များ၊ သက်ဆိုင်ရာလိုင်စင်နှင့် မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(သ) အဆိုပြုလုပ်ငန်းအနေဖြင့် နန့်ကျင်ကြိုးဝိုင်းအတွင်းလုပ်ငန်းဆောင်ရွက်မည် ဖြစ်သဖြင့် သစ်တောသစ်ပင်များ၊ ဇီဝမျိုးစုံမျိုးကွဲများ ထိခိုက်မှုအနည်းဆုံးဖြစ်စေရေး အထူးအလေးထားဆောင်ရွက်ရန်၊

(လှမောင်သိန်း)
ညွှန်ကြားရေးမှူးချုပ်

မိတ္တူကို

ရုံးလက်ခံ၊ မျှောစာတွဲ၊ အမှုတွဲချုပ်